ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၁၅ / ၂၀၂၂ )

| | |
|---|---|
| ဦးမျိုးသူ ( ယာဉ်မောင်း ) ( အလုပ်သမား )<br>အမှတ်(၉၄၆)၊ အောင်မင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်။<br>၀၉ - ၄၂၈ ၀၇၃ ၁၉၃ | နစ်နာ၍တောင်းဆိုသူ |
| နှင့် | |
| Mr. Enrico Cesenni ( အလုပ်ရှင် ) ၊ Mr. Aurelien (GM )<br>Exera Myanmar Limited<br>ဒေါ်မေဖြူကျော် ( Head of HR )<br>( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>အမှတ်(၉)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်။<br>၀၉ - ၉၆၅ ၆၁၄ ၇၀၀ | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၂ ခု နှစ်၊ မတ် လ ၃၁ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၉)ရှိ Exera Myanmar Limited Mr. Enrico Cesenni ( အလုပ်ရှင် )၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်မေဖြူကျော် ( Head of HR ) နှင့် အလုပ်သမား ဦးမျိုးသူ တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ကမာရွတ်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် Exera Myanmar Limited ပိုင်ဆိုင်သော ယာဉ်နှင့် ၎င်း၏ယာဉ်မောင်း ဦးမျိုးသူတို့အား Wood Side Co.,Ltd က ငှားရမ်းအသုံးပြုရာ ၎င်းယာဉ်အား အခြားယာဉ်မှ လာတိုက်သဖြင့် ယာဉ်တိုက်မှုကိစ္စနှင့်စပ်လျဉ်းပြီး Exera Myanmar Limited မှ ယာဉ်မောင်း ဦးမျိုးသူအား စုံစမ်းစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဦးမျိုးသူနှင့်အတူ ကုမ္ပဏီမှ အလုပ်ထွက်သွားသူ ရှိနေမှုအပေါ်အကြောင်းပြု၍ စုံစမ်းစစ်ဆေးချိန်တွင် မမှန်မကန်ပြောခဲ့ခြင်း၊ ဖြစ်ပျက်ခဲ့ပုံနှင့်ပတ်သက်၍ အကြောင်းအရာ အချက်အလက်များ ဖုံးကွယ်ထားသည်ကို အကြောင်းပြုပြီး ကြီးလေးသောပြစ်မှုအဖြစ် သတ်မှတ်ပြီး (၂၂-၁၂-၂၀၂၁)ရက်နေ့တွင် အလုပ်မှ ထုတ်ပယ်ခဲ့ကြောင်း၊ နစ်နာကြေးနှင့် နို့တစ်ကြေး မရသဖြင့် ကမာရွတ်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့သို့ တိုင်ကြားမှုအပေါ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းဖျန်ဖြေပေးခဲ့သော်လည်း ပြေလည်မှု မရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှု ဖြစ်ပါသည်။

**ကောက်ချက်** ။ အလုပ်သမား ဦးမျိုးသူအား နို့တစ်ကြေးနှင့် နစ်နာကြေးပေးရန် သင့် / မသင့် ။

**တွေ့ရှိချက်** ။ Exera Myanmar Limited အငြင်းပွားမှုနှင့် ပတ်သက်၍ ခုံသမာဓိအဖွဲ့၊ အဖွဲ့ခွဲမှ (၁၇-၃-၂၀၂၂)ရက်နေ့နှင့် (၂၄-၃-၂၀၂၂)ရက်နေ့ တို့တွင် ကြားနာစစ်ဆေးခဲ့သည်။

ယာဉ်မောင်း ဦးမျိုးသူ၏ ယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အလုပ်ရှင်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

ယာဉ်မောင်း ဦးမျိုးသူ၏ ထွက်ဆိုချက်များအရ တစ်လလျှင် လစာငွေ ကျပ် ၄၁၀၀၀၀/- ဖြင့် (၁-၁၀-၂၀၁၆)ရက်နေ့တွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း၊ ဦးမျိုးသူအား Wood Side Co.,Ltd မှ ဈေးဝယ်နိုင်းစဉ် ရွှေတောင်ကြားလမ်း၊ Market Place အနီးတွင် အခြားကားမှ လာတိုက်သဖြင့် မီမီကားနောက်ခြမ်း ပိန်သွားသဖြင့် ကုမ္ပဏီ Call Center ရှိ ဒေါ်လဲ့လဲ့မိုးသူထံ အကြောင်းကြားခဲ့ကြောင်း၊ နာရီဝက်ကြာသည်အထိ ကုမ္ပဏီမှ လာရောက်ခြင်း မရှိသဖြင့် ကားတိုက်သူအား ကုမ္ပဏီမှ အလုပ်

ထွက်သွားသူ ဦးဇော်မိုးထွန်း အကူအညီဖြင့် ဝပ်ရှော့သို့ ခေါ်သွားညှိနှိုင်း၍ ကားကို ပြင်ခဲ့ကြောင်း၊ ဦးဇော်မိုးထွန်းအား ကားပါကင်ထိုးခိုင်းကြောင်း၊ ကားကို အခြားသူ မောင်းခိုင်းခြင်းသည် ပြစ်မှုကြီး မထင်ကြောင်း၊ ယာဉ်တိုက်မှုဖြစ်စဉ် ရုံးရှိတာဝန်ရှိသူထံ သတင်းမပို့ခြင်း၊ ရုံးမှ ယာဉ်တိုက်ရာသို့ အချိန်မီ မလာ၍ ဦးဇော်မိုးထွန်းက ကူညီဖြေရှင်းခဲ့ခြင်းဖြစ်ကြောင်း၊ အလွဲသုံးစား၊ မရိုးမသား မလုပ်ခဲ့ကြောင်း ထွက်ဆိုထားသည်။

အလုပ်ရှင်ကိုယ်စား ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မေဖြူကျော် က ထွက်ဆိုရာတွင် Exera Myanmar Limited မှ ကားနှင့် ယာဉ်မောင်း ဦးမျိုးသူအား Wood Side Co.,Ltd က ငှားရမ်းအသုံးပြုသဖြင့် Customer လုံခြုံရေးပါ ဆောင်ရွက်ရကြောင်း၊ ယာဉ်မောင်း ဦးမျိုးသူမှ ယာဉ်တိုက်မှု ဖြစ်ကြောင်း၊ ယာဉ်မောင်း ဦးမျိုးသူ၏ ယာဉ်တိုက်မှုအား စုံစမ်းစစ်ဆေး ဖော်ပြချက်တွင် Call Center သို့ အကြောင်းကြားပြီး တာဝန်ရှိသူ လိုက်သွားချိန်တွင် အခင်းဖြစ်နေရာတွင် မရှိဘဲ ဝပ်ရှော့သို့ ထွက်သွားကြောင်း၊ အချိန်ကြာပါက ဖုန်းဖြင့် ဆက်သွယ်သင့်ကြောင်း၊ တာဝန်ခံ မန်နေဂျာအား သတင်းမပို့ဘဲ ကားပြုပြင်ရန် ကားဝပ်ရှော့သို့ ကိုယ်တိုင် သွားခဲ့ကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပွားစဉ်အချိန်တွင် ကားပေါ်တွင် မည်သူမှ မပါကြောင်း ထွက်ဆိုခဲ့ပြီး စစ်ဆေးမှုပြီး နောက်ရက်မှ Workshop သို့သွားစဉ် Exera Myanmar Limited ၏ ဝန်ထမ်းဟောင်း ( လက်မခံနိုင်သော အပြုအမူများ ပြုလုပ်ခဲ့သောကြောင့် တာဝန်မှ ရပ်စဲခံရသူ )ပါရှိကြောင်း ဝန်ခံခဲ့ကြောင်း၊ ကား Black Box နှင့် ယာဉ်ရပ်နားသည့် Vontage Tower မှ CCTV မှတ်တမ်းများအရလည်း ယာဉ်တိုက်မှုဖြစ်စဉ်အတွင်း ယာဉ်အား ဝန်ထမ်းဟောင်း မောင်းနှင်ကြောင်း၊ ယာဉ်မောင်း ဦးမျိုးသူ၏ လုပ်ဆောင်ချက်များသည် ( Standard Operation Procedure )ဖြင့် သွေဖည်နေခြင်းတို့ကြောင့် (၂၂-၁၂-၂၀၂၂) ရက်နေ့တွင် အလုပ်မှ ထုတ်ပယ်ခဲ့ကြောင်း တွေ့ရှိရသည်။

သုံးသပ်ချက် ။

Exera Myanmar Limited နှင့် ယာဉ်မောင်း ဦးမျိုးသူတို့ အငြင်းပွားမှုဖြစ်ပွားရသည့် အကြောင်းအချက်ပေါ်တွင် မည်သူမှားသည်၊

မည်သူမှန်သည်၊ ထိုအကြောင်းအချက်နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို စိစစ်လေ့လာ သုံးသပ်မှု ပြုရပေသည်။ ယခုအငြင်းပွားမှု၏ အဓိကအကြောင်းအချက်မှာ အလုပ်သမားအား အလုပ်ထုတ်ပယ်သည့်ကိစ္စဖြစ်၍ ထိုသို့ထုတ်ပယ်ခြင်းသည် အလုပ်ရှင်က စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိ၊ မရှိကိုသာ စိစစ်လေ့လာ သုံးသပ်ခြင်းဖြစ်သည်။

အလုပ်ရှင်က ယာဉ်မောင်း ဦးမျိုးသူ၏ ယာဉ်တိုက်မှုဖြစ်စဉ်အားကာယကံရှင်နှင့် ယာဉ်တိုက်မှုဖြစ်စဉ် အစ၊ အဆုံးအား စုံစမ်းစစ်ဆေးမှုပြုပြီး စစ်ဆေးပေါ်ပေါက်ချက်အရ အလုပ်မှထုတ်ပယ်ခဲ့ခြင်းဖြစ်သောကြောင့် လုပ်ထုံး၊ လုပ်နည်းနှင့် ညီညွတ်သည်ဟု သုံးသပ်သည်။

ယာဉ်မောင်း ဦးမျိုးသူသည် ကုမ္ပဏီ၏ Standard Operation Procedure ကို သွေဖည်ပြီး မိမိကိုပေးအပ်ထားသည့် ယာဉ်အားမသက်ဆိုင်သူကို မောင်းနှင်စေခြင်းမှာ ကုမ္ပဏီပိုင်ပစ္စည်းကို အလွဲသုံးစားလုပ်သည်ဟု သုံးသပ်ရပါသည်။

ထို့ကြောင့် ယာဉ်မောင်း ဦးမျိုးသူသည် အလုပ်မှ ထုတ်ပယ်နိုင်သည့် ပြစ်မှုကို ကျူးလွန်ကြောင်း တွေ့ရှိရသဖြင့် နစ်နာကြေးပေးရန်မလိုကြောင်း သုံးသပ်သည်။

သို့သော် ကုမ္ပဏီတွင် (၅)နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့သည်ကိုငဲ့ညှာ၍ နို့တစ်ကြေးတစ်လစာ ပေးသင့်ကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်။** ယာဉ်မောင်း ဦးမျိုးသူအား အလုပ်ရှင်က နစ်နာကြေးပေးရန် မလိုဘဲ နို့တစ်ကြေး တစ်လစာငွေ ကျပ် ၄၁၀,၀၀၀/- ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၄။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( × × × )
( အောင်ကျော်ထွန်းနိုင်ဦး )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်